
ဘာသာပြန် စာရေးဆရာ - Shanhtet
ငါက အရာရာသတ်ထားရှင်း
အသန့်မာဆုံးဖြစ်လာခဲ့တယ်
စာစဉ် - ၁၀၂

## အခန်း (၁၄၇၅)
## လောကီစိတ်နှလုံးကို ပျိုးထောင်ခြင်း (၂၀)
*

ဝမ်ချန်သည် မြို့စောင့်တပ်သားနှင့်အတူ မြို့ရိုးပေါ်မှ ထွက်ခွာသွားပြီးနောက်တွင်မှ ယဲ့ရှန့်မင်းသည် သတိပြန်ဝင်လာကာ တစ်စုံတစ်ခုမှာ အလွန်တရာ လွဲမှားနေပြီဖြစ်ကြောင်း ခံစားလိုက်ရလေသည်။

ယင်းမှာ ခရိုင်ဝန်မင်းတစ်ဦး၏ ကြိုတင်သိမြင်နိုင်စွမ်းကြောင့် မဟုတ်ဘဲ သူ၏ ကြွယ်ဝလှသော လောကီအတွေ့အကြုံများက ယုဟဲချန်း၏ ရုတ်တရက် ဆင့်ခေါ်မှုနောက်ကွယ်၌ သံသယဖြစ်ဖွယ် အကြံအစည်များ ရှိနေနိုင်ကြောင်း သတိပေးလိုက်ခြင်းသာ ဖြစ်ပေသည်။

သောင်းကျန်းသူများ တောင်းဆိုထားသည့် တပ်ဆုတ်ပေးမည့် စည်းကမ်းချက်ကို ပြန်လည်တွေးတောမိသောအခါ ယဲ့ရှန့်မင်းသည် အထိတ်တလန့် ဖြစ်သွားရပြီး ဖြစ်နိုင်သမျှ အမြန်ဆုံးနှုန်းဖြင့် အစိုးရရုံးတော်သို့ ပြေးထွက်ခဲ့လေတော့သည်။

ယုဟဲချန်းတွင် မည်သို့သော ပရိယာယ်များ ရှိနေပါစေ၊ ဝမ်ချန်နှင့်သာ လက်တွဲဆောင်ရွက်လျှင် ကြောက်ရွံ့စရာ မလိုပေ။ အဆိုးရွားဆုံးမှာ ဝမ်ချန်တစ်ဦးတည်း အလစ်အငိုက် အတိုက်ခိုက်ခံရခြင်းသာ ဖြစ်သည်။

သို့ရာတွင် ခရိုင်ဝန်မင်း မည်သို့မျှ မမျှော်လင့်ထားသည်မှာ အစိုးရရုံးတော်၏ ခန်းမဆောင်အတွင်း မြင်တွေ့လိုက်ရသော မြင်ကွင်းပင် ဖြစ်ပေ

သည်။

ချင်းအန်းခရိုင်၏ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဒါဇင်ကျော်တို့မှာ သွေးအိုင်ထဲတွင် လဲလျောင်းနေကြပြီး၊ စီးဆင်းနေသော သွေးတို့သည် ကြမ်းပြင်ပေါ်၌ မြစ်ငယ်များသဖွယ် ကွေ့ကောက်အိုင်ထွန်းနေသည်မှာ အသည်းထိတ်ဖွယ်ရာ ကောင်းလှပေသည်။

ယဲ့ရှန့်မင်းသည် ထိုအလောင်းအားလုံးကို မှတ်မိနေ၏။ အချို့မှာ ဒေသခံ သူဌေးသူကြွယ်များ၊ အချို့မှာ ချမ်းသာသော ကုန်သည်များနှင့် ဂိုဏ်း ခေါင်းဆောင် နှစ်ဦးတို့ ဖြစ်ကြသည်။

ယဲ့ရှန့်မင်းကို အကြောက်ဆုံးဖြစ်စေခဲ့သည်မှာ ခန်းမဆောင်အတွင်း တည့်တည့်မတ်မတ် ထိုင်လျက် သေဆုံးနေသော ယုဟဲချန်းပင် ဖြစ်သည်။ သူ၏ နဖူးအလယ်တွင် သွေးစိမ်းရှင်ရှင် ထွက်နေသော အပေါက်တစ်ခုရှိနေပြီး နီဖြူရောင် အရည်များမှာ စီးထွက်နေဆဲ ဖြစ်ပေသည်။

သူနှင့် အမြဲတစေ ပြိုင်ဆိုင်ခဲ့ပြီး အသာစီးရလေ့ရှိသော ခရိုင်ဝန်မင်းကြီး မှာ အမှန်တကယ်ပင် အသက်ပျောက်နေခဲ့ပြီ ဖြစ်သည်။

ကြီးကျယ်သော အဖြစ်အပျက်ကြီးတစ်ခု ဖြစ်ပွားခဲ့လေပြီ။

ယဲ့ရှန့်မင်းသည် ထိုနေရာတွင် တစ်ဦးတည်း မတ်တပ်ရပ်နေသည့် ဝမ်ချန် ကို အလိုအလျောက် ကြည့်လိုက်မိပြီး -

"သမက်တော်... ဒီမှာ ဘာတွေဖြစ်ကုန်တာလဲ" ဟု အလန့်တကြား မေးမြန်းလိုက်လေသည်။

ဝမ်ချန်က သက်ပြင်းတစ်ချက်ချကာ "ကျွန်တော့်ကို ရုံးတော်ကို လာဖို့ အမိန့်ပေးလို့ ရောက်လာတဲ့အခါမှာ သောင်းကျန်းသူတပ်က လူသတ်သမား တွေ ဒီမှာ သတ်ဖြတ်နေတာကို တွေ့ရတယ်၊ အကျိုးဆက်အနေနဲ့ ခရိုင်ဝန်

မင်းကြီးနဲ့ လူကြီးမင်းတွေ ကံဆိုးစွာပဲ အသက်ဆုံးရှုံးသွားခဲ့ရတယ်" ဟု ပြန်လည်ဖြေကြားခဲ့သည်။

"ကျွန်တော် အဲဒီသူခိုး သုံးယောက်ကို သတ်ပစ်နိုင်ခဲ့ပေမဲ့ ခြေတစ်လှမ်း နောက်ကျသွားခဲ့ပြီ"

ယဲ့ရှန့်မင်းသည် စကားပင် မဆိုနိုင်တော့ပေ။ သူသည် လူအူနု မဟုတ်ပေရာ၊ အဖြစ်မှန်ကို မည်သို့ မခန့်မှန်းနိုင်ဘဲ ရှိပါအံ့နည်း။

ခရိုင်ဝန်မင်း ယုဟဲချန်းနှင့် လူကြီးမင်းတို့သည် သောင်းကျန်းသူများနှင့် ပူးပေါင်းကာ ဝမ်ချန်၏ အသက်ကို လဲလှယ်၍ ရန်သူတပ်ဆုတ်သွားစေရန် ရုံးတော်ခန်းမဆောင်၌ ထောင်ချောက်ဆင်ခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။

အဆုံးသတ်တွင် ဝမ်ချန်၏ အစွမ်းကို လျှော့တွက်ခဲ့မိသောကြောင့် ယခုကဲ့သို့ အားလုံး အသက်ပျောက်ခဲ့ကြရခြင်းသာ ဖြစ်သည်။

အမှန်စင်စစ် ယဲ့ရှန့်မင်းအနေဖြင့် ယုဟဲချန်း၏ လုပ်ရပ်ကို နားလည်ပေးနိုင်ပါသည်။

ချင်းအန်းခရိုင်ကို ကာကွယ်ရသည့် တိုက်ပွဲမှာ အလွန်ပင် ရှည်ကြာလာခဲ့ပြီး ဆုံးရှုံးမှုများမှာလည်း သူတို့ ခံနိုင်ရည်ရှိသည့် အတိုင်းအတာထက် ကျော်လွန်နေပြီ မဟုတ်လော။

သို့ရာတွင် ယုဟဲချန်းကို မျက်စိမမှိတ်ဘဲ သေဆုံးနေသည်ကို မြင်လိုက်ရချိန်၌ သူသည် အတိုင်းမသိ စိတ်သက်သာရာ ရသွားခဲ့သည်။

ဤချင်းအန်းခရိုင်ကို သောင်းကျန်းသူ သောင်းချီ၏ တိုက်ခိုက်မှုအောက်မှ မကျရှုံးအောင် ထိန်းထားနိုင်ခြင်းမှာ ဝမ်ချန်၏ ကျေးဇူးကြောင့်သာ ဖြစ်ပေရာ၊ မိမိ ကာကွယ်ပေးထားသူများ၏ သစ္စာဖောက်မှုကို ဝမ်ချန်လည်း သည်းခံနိုင်လိမ့်မည် မဟုတ်ပေ။

ဝမ်ချန်၏ ရှင်းပြချက်မှာ ဟာကွက်များဖြင့် ပြည့်နှက်နေသော်လည်း ယွဲ့ရှန့်မင်းသည် ချက်ချင်းပင် ဝမ်းနည်းကြေကွဲဟန်ဖြင့် "ဩော်... သောင်းကျန်းသူတွေ ဒီလောက် ကောက်ကျစ်ရက်စက်လိမ့်မယ်လို့ ဘယ်သူ ထင်ထားမှာလဲ၊ ခရိုင်ဝန်မင်းကြီးနဲ့ လူကြီးမင်းတွေ နိုင်ငံတော်အတွက် အသက်စွန့်သွားရပြီး အောင်ပွဲရမယ့် အချိန်ကို မမြင်သွားရတာ တကယ်ပဲ နှမြောဖို့ကောင်းပါတယ်" ဟု အလိုက်သင့် အော်ဟစ်လိုက်လေတော့သည်။

ယုဟဲချန်းနှင့် အခြားသူများကို သောင်းကျန်းသူများက သတ်ဖြတ်ခဲ့ခြင်းသာ ဖြစ်ရပေမည်။ သို့မဟုတ်ပါက ဝမ်ချန်အနေဖြင့် သူတို့တွင် အပြစ်ရှိသည့်တိုင် တရားဝင် အထောက်အထား မရှိဘဲ သတ်ဖြတ်ရန် မသင့်တော်ပေ။

ယွဲ့ရှန့်မင်း၏ စိတ်ထဲတွင် အစီအစဉ်တစ်ခု ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

သူနှင့် ဝမ်ချန်တို့သည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး အဓိပ္ပာယ်ပါသော အပြုံးတစ်ခုကို ဖလှယ်လိုက်ကြလေသည်။

ဝမ်ချန်က "ယောက္ခမကြီး... ကျန်တဲ့ ကိစ္စတွေကိုတော့ တာဝန်ယူပေးပါတော့၊ ကျွန်တော်ကတော့ သောင်းကျန်းသူတွေ အလစ်အငိုက် လာမတိုက်နိုင်အောင် မြို့ရိုးကို ပြန်သွားပါဦးမယ်" ဟု ပြောဆိုခဲ့သည်။

"ကောင်းပါပြီ" ဟု ယွဲ့ရှန့်မင်းက တွေဝေခြင်းမရှိဘဲ သဘောတူလိုက်လေသည်။

ဤကဲ့သို့ ကြီးကျယ်လှသော အဖြစ်အပျက်မျိုးကို ချင်းအန်းခရိုင်၏ အကြီးအကဲဖြစ်လာသူ ယွဲ့ရှန့်မင်းအနေဖြင့် မြို့၏ တည်ငြိမ်မှုအတွက် ကိုယ်တိုင်ကိုင်တွယ်ရန် လိုအပ်ပေသည်။

မြို့ကို ကာကွယ်ရန်အတွက်မူ ထူးခြားသော အစွမ်းအစရှိသည့် ဝမ်ချန်ကို

ယုံကြည်စွာ လွှဲအပ်ထားခြင်းက အကောင်းဆုံး ရွေးချယ်မှုပင် ဖြစ်ပေသည်။

ထိုကာလအတွင်း မြို့ရိုးပေါ်တွင် စောင့်ကြပ်နေစဉ် ဝမ်ချန်သည် သောင်းကျန်းသူ ထိပ်သီး ရာပေါင်းများစွာကို ပစ်ခတ်နိုင်ခဲ့ပြီး စစ်သည်များ စွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့ပေရာ၊ သူ၏ ဂုဏ်သတင်းမှာ ယဲ့ရှန့်မင်း ထက်ပင် လျော့နည်းခြင်း မရှိပေ။

ဝမ်ချန် မြို့ရိုးပေါ်သို့ ပြန်ရောက်သွားချိန်တွင် ယဲ့ရှန့်မင်းသည်လည်း ရုံး တော်အတွင်းရှိ လူအင်အားကို ပြန်လည်နေရာချထားပြီး မြို့စောင့်တပ် အတွက် လိုအပ်သော ရိက္ခာများ ထောက်ပံ့နိုင်ရန်နှင့် ယုဟဲချန်း၏ နောက်လိုက်များကို ဖယ်ရှားရန် အားထုတ်လေတော့သည်။

ထိန်းချုပ်မှု အပြည့်အဝ ရရှိသွားသည့်အခါ သူသည် ကြေညာချက်တစ် စောင် ထုတ်ပြန်ပြီးနောက် မြို့အတွင်းရှိ ချမ်းသာကြွယ်ဝသော အိမ်အချို့ကို ဝင်ရောက်စီးနင်းခဲ့လေသည်။

သူတို့အပေါ် တင်ထားသော အပြစ်မှာ 'ရန်သူနှင့် ပူးပေါင်း၍ ခရိုင်ဝန် မင်းကြီးကို လုပ်ကြံမှု' ပင် ဖြစ်ပေသည်။

ရုံးတော်အတွင်း၌ ချင်းအန်းခရိုင်၏ ထင်ရှားသူ တစ်ဒါဇင်ကျော် သေဆုံး ခဲ့သော်လည်း ယဲ့ရှန့်မင်းသည် သူတို့အားလုံး၏ ပိုင်ဆိုင်မှုများကို သိမ်းယူ ခြင်း မပြုဘဲ အချမ်းသာဆုံးသော အိမ်များကိုသာ ရွေးချယ်ကာ ပြင်းထန် သော အင်အားဖြင့် စီးနင်းခဲ့ခြင်း ဖြစ်သည်။

ဤလုပ်ရပ်မှာ ပထမဦးစွာ ဝမ်ချန်အပေါ် သံသယကင်းရှင်းစေပြီး အထက်လူကြီးများထံ တင်ပြရန်အတွက် ပိုမိုခိုင်လုံသော အကြောင်းပြချက် ကို ရရှိစေပေသည်။

ဒုတိယအချက်မှာ သိမ်းဆည်းရမိသော ရိက္ခာနှင့် ရွှေငွေများက

မြို့စောင့်တပ်ကို ရက်အနည်းငယ် ထပ်မံ ထောက်ပံ့ပေးနိုင်မည် ဖြစ်ပေသည်။

အမှန်စင်စစ် ထိုသို့ စီးနင်းရာမှ ရရှိသော ပစ္စည်းပမာဏမှာ အတွေ့အကြုံများသော ခရိုင်ဝန်မင်းကြီးကိုပင် အံ့အားသင့်စေခဲ့သည်။

ယခင်က သူသည် ထိုသူဌေးများမှာ ဆင်းရဲဒုက္ခ ရောက်နေကြသဖြင့် ဝမ်းချန်ကို လုပ်ကြံရန် သောင်းကျန်းသူများနှင့် ပူးပေါင်းခဲ့ကြသည်ဟု ထင်မြင်ခဲ့မိသည်။

သို့ရာတွင် ထိုအိမ်အချို့မှ သိမ်းဆည်းရမိသော ဆန်စပါး၊ ရွှေ၊ ငွေနှင့် လက်နက်များမှာ ချင်းအန်းခရိုင်ကို နောက်ထပ် တစ်လ၊ နှစ်လခန့် ဆက်လက် ထိန်းထားနိုင်ရန် လုံလောက်နေပေရာ၊ ယဲ့ရှန့်မင်းသည် မျက်စိနီသွားရပြီး ပိုမိုရက်စက်စွာဖြင့် အိမ်နှစ်အိမ်ကို ထပ်မံ စီးနင်းလိုက်လေသည်။

မည်သို့သော ခုခံမှုကိုမဆို ပြင်းထန်စွာ နှိမ်နင်းခဲ့ပေသည်။

ရက်အနည်းငယ်အတွင်း၌ ချင်းအန်းခရိုင် တစ်ခုလုံးမှာ ယဲ့ရှန့်မင်း၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့ပြီး သောင်းကျန်းသူတပ်မတော်မှာလည်း တပ်ဆုတ်သွားခဲ့လေပြီ။

သူတို့အတွက် တပ်ဆုတ်ရန်မှတစ်ပါး အခြားရွေးချယ်စရာ မရှိပေ။ ဤသောင်းကျန်းသူတပ်သည် ချင်းအန်းခရိုင်ကို လဝက်ခန့် ဝိုင်းရံထားခဲ့ပြီး အကြိမ်ပေါင်းများစွာ ပြင်းထန်စွာ တိုက်ခိုက်ခဲ့သော်လည်း မြို့စောင့်တပ်၏ ခုခံမှုကြောင့် အရှုံးဖြင့်သာ ရင်ဆိုင်ခဲ့ရသည်။

သေဆုံးသူ ဦးရေမှာ နှစ်သောင်း၊ သုံးသောင်းခန့်အထိ ရှိခဲ့ပေသည်။

သောင်းကျန်းသူများမှာ အသက်တန်ဖိုး မရှိသော လယ်သမားများ ဖြစ်ကြ

သော်လည်း သူတို့၏ ထိပ်သီးတိုက်ခိုက်ရေးသမားများ ဆုံးရှုံးမှုမှာ ကြီးမား လှပြီး စစ်သေနာပတိ ရောင်ကျန့်မှာလည်း မြို့အတွင်း၌ ပိတ်မိနေခဲ့သည်။

ထိုသို့သောအခြေအနေတွင် 'ဖျန့်ထျန်းမင်း' လီကျိုလီသည် မည်မျှပင် နာကျည်းဒေါသထွက်နေပါစေ၊ ဆက်လက် တိုက်ခိုက်နေပါက သူတို့ဘက်မှ ခံနိုင်ရည်မရှိသော ဆုံးရှုံးမှုများ ကြုံတွေ့ရမည်ကို သိရှိသောကြောင့် တပ်ဆုတ်ကာ အခြားခရိုင်တစ်ခုသို့ လှည့်၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

ခရိုင်မြို့အားလုံးသည် ချင်းအန်းခရိုင်ကဲ့သို့ တိုက်ခိုက်ရ ခက်ခဲလိမ့်မည် မဟုတ်ပေ။

သောင်းကျန်းသူတပ်၏ နောက်ဆုံးအရိပ်အယောင်များ လွင်ပြင်ကျယ်ကြီးထဲတွင် ပျောက်ကွယ်သွားချိန်၌ မြို့ရိုးပေါ်ရှိ စစ်သည်တော်များထံမှ မြေကြီးတုန်ဟည်းမတတ် အောင်ပွဲခံသံများ ထွက်ပေါ်လာခဲ့သည်။

လူအများမှာ ဝမ်းသာလွန်း၍ မျက်ရည်ကျခဲ့ကြရသည်။ ဤအောင်ပွဲမှာ အလွန်ပင် ခဲယဉ်းစွာ ရရှိခဲ့ခြင်း ဖြစ်ပေရာ၊ အားလုံးက မြို့နှင့်အတူ အသက်စွန့်ရမည်ဟု ယုံကြည်ထားခဲ့ကြသော်လည်း အောင်ပွဲမှာ ရုတ်တရက် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

အချို့သော စစ်သည်တော်များမှာ အောင်ပွဲခံပြီးနောက် ကြမ်းပြင်ပေါ်သို့ လဲကျသွားခဲ့ပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားကာ မည်သည့်အခါမျှ ပြန်လည်နိုးထမလာတော့ပေ။

နောက်ရက်များတွင် ချင်းအန်းခရိုင်အတွင်း၌ ဝမ်းနည်းပူဆွေးမှုများ ဖုံးလွှမ်းသွားခဲ့ပြီး လမ်းကြားတိုင်း၌ ငိုကြွေးသံများ ပဲ့တင်ထပ်နေခဲ့သည်။

ဤခုခံကာကွယ်မှုအတွက် ချင်းအန်းခရိုင်၏ ပေးဆပ်မှုမှာ အလွန်ပင်

ကြီးမားလှပေရာ၊ စစ်သည်နှင့် အရပ်သား နှစ်ထောင်ကျော် သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူမှာ ထိုထက်မက များပြားလှပေသည်။

နေအိမ်သို့ ပြန်ရောက်သောအခါ ဝမ်ချန်ကို သူ၏ ဇနီးမယားများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြလေသည်။

ယဲ့တိုက်သည် သူ၏ သိက္ခာကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ရှောင်ယွီနှင့် လက်တွဲကာ ဝမ်ချန်ကို သုံးရက်သုံးညတိုင်တိုင် တတွဲတွဲဖြင့် ရှိနေခဲ့ပြီး ဝမ်ချန်အား ချစ်ခြင်းမေတ္တာများကြားတွင် ပျော်မွေ့စေခဲ့လေတော့သတည်း။

***

## အခန်း (၁၄၇၆)
## လောကီစိတ်နှလုံးကို ပျိုးထောင်ခြင်း (၂၁)
*

ချင်းအန်းခရိုင်မြို့ကလေးသည် ရန်သူတို့လက်သို့ ကျဆုံးခြင်းမရှိခဲ့သော်ငြားလည်း၊ သောင်းကျန်းသူတပ်မတော်၏ တိုက်ခိုက်ဖျက်ဆီးမှုဒဏ်ကြောင့် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များမှာမူ ပြင်းထန်လွန်းလှတော့သည်။

လူဦးရေသောင်းနှင့်ချီရှိသော ထိုမြို့ကလေးဝယ် လူရည်ချွန်လူကောင်းများစွာ ဆုံးရှုံးခဲ့ရပေရာ၊ ယဲ့ရှန့်မင်းအနေဖြင့် ခရိုင်စောင့်တပ်ဖွဲ့တွင် လိုအပ်နေသော အင်အားကို ဖြည့်တင်းရန်အတွက် ကျေးလက်တောရွာများမှ သန်စွမ်းသော အမျိုးသားများကို ဆင့်ခေါ်ကာ လေ့ကျင့်ပေးခဲ့ရလေသည်။

နောက်တစ်ကြိမ် သောင်းကျန်းသူတို့၏ တိုက်ခိုက်မှုကို ကာကွယ်ရန်အတွက် ချင်းအန်းခရိုင်၏ စောင့်တပ်အင်အားကို လူခုနစ်ရာအထိ တိုးချဲ့ဖွဲ့စည်းခဲ့ရချေသည်။

ကံကောင်းထောက်မစွာဖြင့် ယခင်က သူဌေးသူကြွယ်များထံမှ သိမ်းဆည်းရမိထားသော ရိက္ခာနှင့် ဥစ္စာပစ္စည်းများ ရှိနေခဲ့၍သာ ထိုမျှသောစစ်အင်အားကို ထောက်ပံ့နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ခရိုင်အတွင်းအပြင် အခြေအနေအရပ်ရပ် တည်ငြိမ်သွားသောအခါ၌ ယဲ့ရှန့်မင်းသည် ခရိုင်ဝန်မင်း ယုဟဲချန်းနှင့် မြို့မျက်နှာဖုံးအချို့ အသတ်ခံရသည့်အကြောင်းကို စီရင်စုမြို့တော်သို့ အစီရင်ခံစာ ပေးပို့ခဲ့လေသည်။

ထိုသို့ ပေးပို့ပြီးနောက် နာရီဝက်ခန့်အကြာတွင် စီရင်စုမြို့မှ ခန့်အပ်လွှာနှင့် ဂုဏ်ပြုလွှာများ ရောက်ရှိလာတော့သည်။

ယွဲ့ရှန့်မင်းအား ချင်းအန်းခရိုင်၏ ခရိုင်ဝန်မင်းအဖြစ် ခန့်အပ်လိုက်ပြီး၊ ခရိုင်တစ်ခုလုံး၏ စစ်ရေးနှင့် နိုင်ငံရေးအာဏာ အရပ်ရပ်ကို ကိုင်တွယ်စေခဲ့သည်။

ယင်းက ယွဲ့ရှန့်မင်းအား ချင်းအန်းခရိုင်၏ ထိပ်သီးခေါင်းဆောင် ဖြစ်လာစေရုံမျှမက၊ သူ၏အာဏာစက်မှာလည်း အန္တိုင်းမဲ့ကြီးမားသွားခဲ့လေပြီ။

အမှန်စင်စစ် စီရင်စုမြို့တော်အာဏာပိုင်တို့တွင် အခြားရွေးချယ်စရာလမ်းမရှိခဲ့ပေ။ သောင်းကျန်းသူတပ်မတော်မှာ စီရင်စုအတွင်း အရပ်ရပ်၌ ဆူပူသောင်းကျန်းနေပြီး စီရင်စုမြို့တော်၏ လုံခြုံရေးကိုပင် အကြိမ်ကြိမ်ခြိမ်းခြောက်နေခဲ့ရာ၊ ထိုကဲ့သို့ ဘေးအန္တရာယ်အလွန်ကြီးမားသော ခရိုင်သို့ မည်သူကမျှ အရာရှိအဖြစ် မသွားလိုကြချေ။

ထို့ကြောင့်ပင် ယွဲ့ရှန့်မင်းအား ရာထူးတိုးမြှင့်ပေးကာ ချင်းအန်းခရိုင်၏ ကံကြမ္မာကို သူ၏လက်ထဲသို့သာ အပ်နှင်းလိုက်ကြခြင်း ဖြစ်ပေသည်။

စီရင်စုမှ မင်းစိုးရာဇာတို့အဖို့ မိမိတို့၏ ဘေးကင်းလုံခြုံရေးထက် အရေးကြီးသောအရာ မရှိခဲ့ဘဲ၊ ခရိုင်ဝန်မင်း ယုဟဲချန်း အသတ်ခံရမှုအပေါ်တွင်လည်း စုံစမ်းစစ်ဆေးလိုစိတ် အလျဉ်းမရှိကြချေ။

အကျပ်အတည်းကာလတွင် လူတိုင်းမှာ မိမိကိုယ်ကိုသာ ကာကွယ်နိုင်ရန် ကြိုးပမ်းနေကြရသည် မဟုတ်လော။

ခရိုင်ဝန်မင်းအသစ် ယွဲ့ရှန့်မင်းသည် ကြီးမားသော အာဏာကို ရရှိခဲ့သော်လည်း စိတ်နှလုံးဝယ် ပျော်ရွှင်နိုင်ခြင်း မရှိသေးပေ။

သောင်းကျန်းသူများ ဆုတ်ခွာသွားသော်လည်း မိုးခေါင်ရေရှားမှုဒဏ်မှာ

လျော့ပါးသွားခြင်းမရှိဘဲ ကုန်းကြောင်း၊ ရေကြောင်း ဆက်သွယ်ရေးများမှာလည်း ပြတ်တောက်လုနီးပါး ဖြစ်နေသောကြောင့်ပင်။

ထိုထက် ပို၍ဆိုးသည်မှာ သောင်းကျန်းသူများက ချင်းရွှေမြစ် တစ်ဖက်တစ်ချက်ရှိ ရေတင်စက်ယန္တရား ဆယ်ခုကျော်ကို ဖျက်ဆီးသွားခဲ့သဖြင့် စပါးစိုက်ခင်းများစွာ ရေပြတ်လပ်ကာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းပင် ဖြစ်သည်။

ယဲ့ရှန့်မင်းမှာ ကျိန်ဆဲရင်းဖြင့်ပင် ရေတင်စက်ယန္တရားများကို အမြန်ဆုံး ပြန်လည်တည်ဆောက်ကာ ကျန်ရှိနေသေးသော စိုက်ခင်းများကို ကာကွယ်ရန် လူအင်အားစုစည်း၍ ကြိုးပမ်းအားထုတ်ရလေတော့သည်။

ယင်းက သောင်းကျန်းသူများကို တိုက်ခိုက်ရသည့်ထက်ပင် ပို၍ပင်ပန်းလှချေသည်။

"နှမြောစရာကောင်းလိုက်တဲ့ ကောင်းကင်ကြီးရယ်..."

ထိုနေ့တွင် ဝမ်ချန်နှင့် ယဲ့တိုက်တို့သည် အုပ်ချုပ်ရေးရုံးသို့ ရောက်ရှိလာရာ၊ သမီးဖြစ်သူ တိုက်ပေးသော အားဆေးရည်ကို သောက်ရင်း ကျိန်ဆဲနေသော ယဲ့ရှန့်မင်းကို တွေ့လိုက်ရသည်။

"မိုးက ခုထိ မရွာသေးဘူး။ ငါတို့အားလုံးကို သေအောင် သတ်နေတာလား" ဟု သူက ညည်းတွားနေလေသည်။

ရေတင်စက်ယန္တရားများကို အမြန်ဆုံးပြန်လည်တည်ဆောက်ခဲ့သော်လည်း ချင်းရွှေမြစ်၏ ရေမျက်နှာပြင်မှာ သိသိသာသာ နိမ့်ဆင်းသွားခဲ့သဖြင့် ရေတင်နိုင်စွမ်းမှာလည်း လျော့ကျသွားခဲ့ရသည်။

ယခုနှစ် ချင်းအန်းခရိုင်၏ ဆန်စပါးအထွက်နှုန်းမှာ ပုံမှန်ထက် သုံးပုံတစ်ပုံခန့်သာ ရှိနိုင်တော့မည် ဖြစ်ပေရာ ယင်းက အလွန်ပင် စိုးရိမ်ဖွယ်ရာ

ကောင်းလှတော့သည်။

မိုးခေါင်မှုသာ ဆက်ဖြစ်နေဦးမည်ဆိုပါက ဆောင်းဦးရိတ်သိမ်းချိန်တွင် ပုံမှန်အထွက်နှုန်း၏ ဆယ်ပုံတစ်ပုံ၊ နှစ်ပုံခန့် ရရှိရန်ပင် ဘုရားတနေရမည့် အခြေအနေ ဖြစ်ပေသည်။

ထို့ပြင် ကုန်သွယ်ရေးလမ်းကြောင်းများမှာလည်း သောင်းကျန်းသူတို့ကြောင့် ပိတ်ဆို့နေသဖြင့် ချင်းအန်းခရိုင်တွင် ငွေကြေးရှိသော်လည်း အပြင်မှ ရိက္ခာဝယ်ယူရန် မဖြစ်နိုင်တော့ဘဲ ပိတ်မိနေသည့်နှယ် ဖြစ်နေလေတော့သည်။

"သမက်တော်..."

ယဲ့ရှန့်မင်းသည် သူ၏ပန်းကန်လုံးကို ချလိုက်ပြီး အားနာဟန်ဖြင့် "မင်းကို အကူအညီတစ်ခု တောင်းစရာရှိတယ်" ဟု ဆိုလာသည်။

သူသည် တောင်ပိုင်းမှ ရိက္ခာများ ဝယ်ယူရန်အတွက် ကုန်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်လိုနေခြင်း ဖြစ်သည်။ သို့သော် ဒေသခံကုန်သည်များကိုသာ အားကိုးရန်မှာ မဖြစ်နိုင်သောကြောင့် အစိုးရရုံးမှ ဦးဆောင်၍ ကုန်သွယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းကာ ရိက္ခာသွားရောက်ဝယ်ယူရန် သူက စီစဉ်လိုက်ခြင်းပင်။

ထိုကုန်သွယ်ရေးအဖွဲ့ကို ဝမ်ချန်က ဦးဆောင်ပေးစေလိုခြင်း ဖြစ်ပေသည်။

"ငါ့မှာ တခြားရွေးချယ်စရာ မရှိတော့လို့ပါ" ဟု ယဲ့ရှန့်မင်းက သက်ပြင်းချရင်း ဆိုရှာသည်။

"ခရိုင်ထဲမှာ ရှိတဲ့ ရိက္ခာက မြို့သူမြို့သား သောင်းနဲ့ချီပြီး ငတ်မွတ်ခေါင်းပါးမှုဒဏ်က လွတ်အောင် မလောက်ငတော့ဘူး။ ရိက္ခာသာ ဝယ်မလာနိုင်ရင် ဒီနှစ် ဒါမှမဟုတ် နောက်နှစ်မှာ လူတွေအများကြီး သေ

ကြလိမ့်မယ်။"

လက်ရှိအခြေအနေအရ ကုန်သွယ်ရေးအဖွဲ့ကို ဦးဆောင်ရသည်မှာ အလွန် အန္တရာယ်များကြောင်း သူ ကောင်းစွာသိပေသည်။ ခရီးကလည်း ဝေးလွန်း လှသဖြင့် အသွားအပြန် တစ်လ၊ နှစ်လခန့် ကြာနိုင်ပြီး လမ်းခရီးတွင် မည် သည့်အရာမဆို ဖြစ်ပျက်သွားနိုင်ပေသည်။

သို့သော် ယဲ့ရှန့်မင်းတွင် အခြားနည်းလမ်းမရှိတော့ချေ။ သူသည် ယခင် က စစ်ရေးကိုသာ တာဝန်ယူခဲ့သော်လည်း ယခုအခါ စီမံခန့်ခွဲရေးကိုပါ တာဝန်ယူရသောအခါမှ ချင်းအန်းခရိုင်၏ ကြီးမားလှသော ပြဿနာအရပ် ရပ်ကို သိမြင်လာရခြင်း ဖြစ်သည်။

ဥပမာအားဖြင့် ခရိုင်၏ ရိက္ခာသိုလှောင်မှုမှာ လိုအပ်သည့် ပမာဏ၏ သုံး ပုံတစ်ပုံပင် မပြည့်ဘဲ ဖြစ်နေခဲ့သည်။

ကျန်ရှိသော ရိက္ခာနှစ်ပုံမှာ မည်သည့်နေရာသို့ ရောက်သွားခဲ့သနည်း။

ယဲ့ရှန့်မင်းက စုံစမ်းစစ်ဆေးရန် ကြိုးပမ်းသောအခါတွင် ဘဏ္ဍာရေး အရာရှိမှာ မိမိကိုယ်ကိုရော၊ မိသားစုကိုပါ မီးရှို့သတ်သေသွားခဲ့လေသည်။

စာရင်းဇယား မှတ်တမ်းများလည်း ပြာဖြစ်ခဲ့ရပြီ။ ခြစားမှုများစွာ ရှိနေ ကြောင်း ယဲ့ရှန့်မင်း သိသော်လည်း အစိုးရရုံးကို ထပ်မံရှင်းလင်းရန် အတွက် အချိန်မရတော့ပေ။

ထို့ကြောင့်လည်း အပြင်မှ ရိက္ခာဝယ်ယူခြင်းဖြင့်သာ ဤပြဿနာကို ဖြေ ရှင်းရန် မျှော်လင့်နေရခြင်း ဖြစ်ပေသည်။

"အဖေ"

ယဲ့တိုက်မှာ အံ့အားသင့်သွားရသည်။ မိမိ၏အဖေက ဝမ်ချန်အား ထိုကဲ့သို့ အန္တရာယ်တွင်းထဲသို့ အလျင်အမြန် တွန်းပို့လိမ့်မည်ဟု သူမ မယုံကြည်နိုင်

ဘဲ ရှိနေတော့သည်။

သူမသည် နူးညံ့သိမ်မွေ့သော သမီးလိမ္မာတစ်ဦး ဖြစ်သော်လည်း ယခုအခါတွင်မူ ဒေါသကို မထိန်းနိုင်တော့ဘဲ "အဖေ ဘယ်လိုလုပ် ဒီလိုလုပ်နိုင်ရတာလဲ" ဟု ဆိုမိလေသည်။

ယဲ့ရှန့်မင်းမှာ ခါးသီးစွာ ပြုံးလိုက်ပြီး "တိုက်အာ... အဖေက ရက်စက်လွန်းလို့ မဟုတ်ပါဘူး... သက်ပြင်း" ဟုသာ ဆိုနိုင်တော့သည်။

သူသည် ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် ဆံပင်များပင် ဖြူကုန်ပြီး ရုပ်ရည်မှာလည်း အိုမင်းရင့်ရော်နေပေရာ ယဲ့တိုက်မှာလည်း ဘာမှဆက်မပြောနိုင်တော့ချေ။

"ရပါတယ်"

ဝမ်ချန်က ဇနီးဖြစ်သူ၏လက်ကို ပုတ်ကာ နှစ်သိမ့်လိုက်ပြီး ယဲ့ရှန့်မင်းအား "ဒါကို ကျွန်တော် တာဝန်ယူပေးပါ့မယ်" ဟု ဆိုလိုက်လေသည်။

သူသည် ယဲ့တိုက်နှင့် လက်ထပ်ခဲ့ပြီးဖြစ်ရာ ဇနီးသည်၏ မိသားစုကံကြမ္မာကိုလည်း လက်ခံရမည်ဖြစ်ပြီး၊ ထို့ထက်မက ချင်းအန်းခရိုင်ရှိပြည်သူလူထု၏ အသက်ပေါင်းများစွာနှင့်လည်း သက်ဆိုင်နေသည် မဟုတ်လော။

ယဲ့ရှန့်မင်းမှာ ဝမ်းသာအားရ ဖြစ်သွားပြီး "ဒါဆိုရင်တော့ အကောင်းဆုံးပဲ" ဟု ဆိုလာတော့သည်။

ဝမ်ချန်၏ ကတိကို ရရှိပြီးနောက် ယဲ့ရှန့်မင်းသည် ကြီးမားသောကုန်သွယ်ရေးအဖွဲ့ကို အမြန်ဆုံး စုစည်းလေသည်။

ဘေးကင်းလုံခြုံရေးအတွက် လေ့ကျင့်ထားသော စောင့်တပ်စစ်သည် သုံးရာ၊ ကုန်တင်ယာဉ်စောင့်များနှင့် အလုပ်သမားများစွာကိုလည်း ထည့်သွင်း

ပေးခဲ့ရာ စုစုပေါင်း လူအင်အား ရှစ်ရာကျော်အထိ ရှိခဲ့လေသည်။

ဤမျှသော လူအင်အားဖြင့်သာ အခြေခံလုံခြုံရေးကို စိတ်ချနိုင်မည်ဖြစ်ပြီး လူသောင်းနှင့်ချီအတွက် လိုအပ်သော ရိက္ခာများကိုလည်း သယ်ဆောင်နိုင်မည် ဖြစ်ပေသည်။

ခရိုင်အတွင်းရှိ မြည်းများနှင့် လှည်းများကိုလည်း သိမ်းယူ အသုံးပြုခဲ့ရလေသည်။

သုံးရက်အကြာတွင် ဝမ်ချန် ဦးဆောင်သော ကုန်သွယ်ရေးအဖွဲ့သည် ချင်းအန်းခရိုင်မှ ထွက်ခွာကာ ယွမ်ကျယ်စီရင်စုသို့ ဦးတည်ခဲ့ကြသည်။

မထွက်ခွာမီ ယဲ့တိုက်နှင့် အခြားသူများမှာ အုပ်ချုပ်ရေးရုံးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြလေသည်။ ယွမ်ကျယ်စီရင်စုမှာ ချန်ယိစီရင်စုနှင့် ကပ်လျက်ရှိပြီး၊ ရေအရင်းအမြစ် ပေါများလှပေရာ မိုးခေါင်သည့် ကာလတွင်ပင် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ရရှိနိုင်သော အရပ်ဖြစ်ပေသည်။

ယခင်နှစ်များက ချန်ယိစီရင်စုသည် ယွမ်ကျယ်စီရင်စုမှ ရိက္ခာများကို ရေကြောင်းမှတစ်ဆင့် ဝယ်ယူလေ့ရှိသော်လည်း၊ ယခုအခါ ချန်ယိစီရင်စုမှာ မိုးခေါင်မှုဒဏ်ကို ပြင်းထန်စွာ ခံနေရသဖြင့် မြစ်ချောင်းများ ခန်းခြောက်နေရုံမျှမက ရေလမ်းကြောင်းမှာလည်း သောင်းကျန်းသူတို့ ပိတ်ဆို့ထားသဖြင့် ကုန်းကြောင်းကိုသာ အသုံးပြုခဲ့ကြရလေသည်။

သောင်းကျန်းသူတပ်မတော်နှင့် မတွေ့ဆုံစေရန်အတွက် ကုန်သွယ်ရေးအဖွဲ့သည် အနောက်ဘက်သို့ ပတ်ကာ ခရီးနှင်ခဲ့ကြပြီး၊ တစ်လခွဲခန့် ပင်ပန်းကြီးစွာ သွားလာခဲ့ရပြီးနောက် ယွမ်ကျယ်စီရင်စုအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

လမ်းခရီးမှာ အတော်အတန် အဆင်ပြေခဲ့ပြီး သောင်းကျန်းသူများနှင့်

လည်း မတွေ့ဆုံခဲ့ရပေ။ သို့သော် ယွမ်ကျယ်စီရင်စုသို့ ရောက်ရှိသောအခါ၌မူ အခြေအနေများမှာ စတင်ပြောင်းလဲလာတော့သည်။

***